ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ် ဧည့်ခံပွဲတွင် သံအမတ်ကြီးစကော့မာစီရယ်ပြောကြားသော မှတ်ချက်စကား
မေ ၂၈၊ ၂၀၁၉

အားလုံးကိုကြိုဆိုပါတယ်။ ဒီညနေဧည့်ခံပွဲကိုကြွရောက်လာကြတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့က ကျန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်တုန်းကဆိုတာကျွန်တော်သိပါတယ်။ ဒါကြောင့် အခုလိုနည်းနည်း နောက်ကျပြီးမှ ကျင်းပရတဲ့အတွက် တောင်းပန်ပါတယ်။ သို့သော်လည်း ဒီပွဲဟာ အရေးကြီးတဲ့ပွဲဖြစ်တဲ့အတွက် နောက်ကျနေလည်းပဲ ကျင်းပရမှာဖြစ်ပါတယ်။ ကဲ ကျွန်တော်တို့တတွေ ကိုယ့်ဘာသာကိုယ်ပြန်မေးခွန်းထုတ်ကြည့်ကြရအောင်ပါ "ဒီနှစ်အတွက် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားတစ်ခု မြန်မာနိုင်ငံမှာ ကျွန်တော်တို့တတွေ ဘာလို့ကျင်းပသင့်တာပါလဲ" မိတ်ဆွေတို့ အားလုံးမှာ ကျွန်တော့်ထက် ပိုကောင်းတဲ့ အဖြေရှိမယ်ဆိုတာ ေသချာပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရိုးရှင်းတဲ့နည်းလမ်းတစ်ခုလို့ ပြောချင်ပါတယ်။ ဒီနိုင်ငံကလူတွေ တော်တော်များများ ဘယ်လောက်အထိစွန့်လွတ်အနစ်နာခံခဲ့ကြသလဲဆိုတာတွေ၊ ဒီမိုကရေစီနဲ့ လွတ်လပ်မှုကို တည်ဆောက်ဖို့အတွက် သူတို့တွေ ဘယ်လောက်အထိ ကြိုးစားပမ်းစား ေဆာင်ရွက်ခဲ့ကြရသလဲဆိုတာတွေကို ကျွန်တော်တို့ တကယ်ကို အင်မတန်လေးစား အားကျပါတယ်။ ကုန်လွန်ခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်း မြန်မာနိုင်ငံဟာ အများကြီး တိုးတက်လာခဲ့တယ်ဆိုတာကိုလည်း ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ လုပ်စရာတွေ အများကြီးရှိနေသေးတယ်ဆိုတာလည်း ကျွန်တော်တို့ လက်ခံကြမယ်လို့ထင်ပါတယ်။ ဒီမိုကရေစီစနစ်တစ်ခု တည်ဆောက်တဲ့အခါ လိုအပ်ချက်တွေက အများကြီးပါ။ ဥပဒေတွေ၊ ရွေးကောက်ပွဲတွေ၊ ကောင်းမွန်တဲ့ တရားရေးစနစ်တစ်ခု၊ ဒါတွေအပြင် နောက်ထပ်အများကြီးပါပဲ။ ဒါပေမဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အတိအကျပြောရမယ်ဆိုရင် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာတွေဟာ ဒီမိုကရေစီနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အုပ်ချုပ်ရေးမှာ အရေးကြီးတဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော်လောက်က ကျွန်တော်တို့နိုင်ငံတည်ထောင်ခဲ့သူတွေထဲက တစ်ယောက်ဖြစ်တဲ့ သောမတ်စ်ဂျက်ဖာဆန် ပြောခဲ့ဖူးတာ ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ "ကျွန်တော်တို့ရဲ့လွတ်မြောက်မှုဆိုတာ ဦးတည်ချက်မပျောက် ချုပ်ချယ်ကန့်သတ်လို့ မရတဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ပေါ် မူတည်ပါတယ်" တဲ့။ ပြီးတော့ လွတ်လပ်ပြီးအမှီအခိုကင်းတဲ့ မီဒီယာဟာ ဒီမိုကရေစီစနစ်မှာ ဘာလို့ အရေးပါရတာလဲ။ ပထမအချက်ကတော့ ပြည်သူတွေဟာ ဒီမိုကရက်တစ်လုပ်ငန်းစဉ်ထဲမှာ ပူးပေါင်းပါဝင်တော့မယ်ဆိုရင် တိကျပြီး အမှီအခိုကင်းတဲ့ သတင်းရင်းမြစ်တွေရရှိဖို့လိုအပ်ပါတယ်။ ဒုတိယကတော့ အာဏာရှိသူတွေကို အမှန်ပြောရဲတာဟာ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ စာနယ်ဇင်းဖြစ်ပါတယ်။ အာဏာရှိသူတွေရဲ့ဆောင်ရွက်မှုတွေကို ခရေစေ့တွင်းကျစူးစမ်းပြီး လိုအပ်ရင်သေသေချာချာ မေးခွန်းထုတ်တာဟာ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ စာနယ်ဇင်းဖြစ်ပါတယ်။ တတိယအနေနဲ့ ခေါင်းဆောင်တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိေစတာဟာ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ စာနယ်ဇင်းဖြစ်ပါတယ်။ ဥပမာအနေနဲ့ အကျင့်ပျက်ခြစားမှုအကြောင်းကို စာနယ်ဇင်းတွေက လွတ်လွတ်လပ်လပ် မဖော်ပြနိုင်ရင် ဒီအကျင့်ပျက်ခြစားမှုကို ဘယ်လိုတိုက်ဖျက်မလဲ။ အခုဆိုရင် ကမ္ဘာတစ်ဝန်းက ေနရာတော်တော်များများမှာ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့စာနယ်ဇင်းတွေဟာ စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရပါတယ်၊ အတိုက်အခိုက်တောင် ခံနေရပါတယ်။ မြန်မာနိုင်ငံမှာလည်း လွန်ခဲ့တဲ့ ဆယ်စုနှစ်ကထက် စာနယ်ဇင်းလွတ်လပ်ခွင့်တွေ ပိုပြီးရှိလာနေတဲ့ အချိန်တွင်းမှာပဲ ကျန်ခဲ့တဲ့နှစ်အနည်းငယ် အတွင်းမှာတော့ သတင်းထောက်တွေအပေါ် အရေးယူမှုတွေ့လာရပါတယ်။ ဒါဟာ ဒီမိုကရေစီနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကို အလေးထားသူတွေအတွက် စိုးရိမ်စရာတွေဖြစ်ပါတယ်။

ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီဘူးလို့ ကျွန်တော်နဲ့သိတဲ့ မြန်မာမိတ်ဆွေများစွာက ယုံကြည်ကြတဲ့ ကိုလိုနီခေတ်က ဥပဒေတစ်ချို့၊ စစ်အစိုးရခေတ်က ဥပဒေတစ်ချို့၊ မကြာခင်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတစ်ချို့ကြောင့် ဒီအခန်းထဲက မိတ်ဆွေတစ်ချို့အပါအဝင် သတင်းထောက်တော်တော်များများ အဖမ်းခံခဲ့ရတယ်၊ နှိပ်ကွပ်ခံခဲ့ရတယ်၊ ထောင်သွင်းအကျဉ်းချခံခဲ့ကြရပါတယ်။ သတင်းသမားတွေကို ထိန်းသိမ်းဖို့နဲ့ ပြစ်မှုခြောက်ဖို့အတွက် ပုဒ်မ ၆၆ (ဃ) တို့၊ မတရားအသင်းဥပဒေတို့၊ ပုဒ်မ ၅၀၅ တို့လို ရာဇသတ်ကြီးပုဒ်မတစ်ချို့ကို အသုံးချနေတာ မိတ်ဆွေတို့အားလုံးသိကြပါတယ်။ အခုဆိုရင်သတင်းစာတွေဟာ ဘဏ္ဍာရေးအခြေအနေအရ ဆက်ပြီးရပ်တည် ဖို့အတွက် စိန်ခေါ်မှုအခက်အခဲ ကြီးကြီးမားမား ရင်ဆိုင်နေကြရတာ မိတ်ဆွေတို့က ကျွန်တော့်ထက်ပိုပြီးသိမှာဖြစ်ပါတယ်။ ဒါပေမဲ့ စကားမစပ် ဒီပြဿနာဟာ မြန်မာနိုင်ငံမှာချည်းပဲ ရင်ဆိုင်နေရတာမဟုတ်ပါဘူး၊ ကမ္ဘာတစ်ဝန်းမှာရင်ဆိုင်နေရတာဖြစ်ပါတယ်။ သို့သော်လည်း အစိုးရမီဒီယာကလည်း အပြိုင်ထုတ်ဝေ အခွင့်အရေးယူနေပြီး ေတာ်တော်များများက မတရားဘူးလို့ခံစားရတဲ့ မြန်မာနိုင်ငံလို ေနရာမျိုးမှာတော့ တကယ့်ပြဿနာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ သတင်းစာတွေဟာ ကြီးမားတဲ့စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ မိတ်ဆွေတို့တွေ၊ မိတ်ဆွေတို့လို့ ပုဂ္ဂိုလ်တော်တော်များများတွေ ကနေပြီး မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ မီဒီယာတွေဆက်လက်ရပ်တည်ရေးအတွက် ရဲရဲရင့်ရင့်နဲ့ ထိထိရောက်ရောက် ဆောင်ရွက်နေကြ တာကတော့ သတင်းကောင်း ဖြစ်ပါတယ်။

စိန်ခေါ်မှုအခက်အခဲတွေကို ကျွန်တော်ကောင်းကောင်းသတိထားမိသလို မီဒီယာတွေထဲမှာ တကယ်ကိုစိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းဆောင်းပါးတွေ၊ အရေးကြီးတဲ့သတင်းဆောင်းပါးတွေ မကြာခဏ ဖတ်ရတဲ့အတွက်လည်း ဒီအမှန်ဖြစ်ပျက်နေတာတွေကို ကောင်းကောင်းကြီး သတိထားမိပါတယ်။ ကျွန်တော်မြင်တွေ့နေရတဲ့အလုပ်တွေ၊ မိတ်ဆွေတို့လုပ်မယ့်အလုပ်တွေဟာ ပိုပြီးခိုင်မာ အားကောင်းတဲ့ ဒီမိုကရေစီနဲ့ ပိုပြီးတရားမျှတတဲ့ နိုင်ငံတည်ဆောက်ရာမှာ မရှိမဖြစ်အရေးပါလှပါတယ်။ ရဲရင့်ပြီးတော်တဲ့ သတင်းထောက်တွေရဲ့ စာရင်းရှည်ကြီးတစ်ခုရှိပါတယ်၊ ကျွန်တော်တို့မှာသာအချိန်ရရင် ကျွန်တော်ဖတ်ပြချင်ပါတယ်။ ဒါပေမဲ့ ဒီညအနေနဲ့တော့ သတင်းထောက်နှစ်ယောက်အကြောင်းကိုပဲ ပြောပြချင်ပါတယ်။ ကိုဝလုံးနဲ့ ကိုကျော်စိုးဦး ပါ။ သူတို့ရဲ့ ထူးခြား ပြောင်မြောက်တဲ့ အလုပ်ကြောင့် ပူလစ်ဇာဆုလက်ခံရယူဖို့အတွက် အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေတဲ့အတွက် ဒီညတော့ သူတို့ဟာ ကျွန်တော်တို့နဲ့အတူ ရှိမနေနိုင်ပါဘူး။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ မိတ်ဆွေတို့နိုင်ငံကိုရောက်တာ သုံးနှစ်ကြာပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံက ရင်ဆိုင်နေရတဲ့စိန်ခေါ်မှု အခက်အခဲများစွာက ကျွန်တော့်ကို နေ့တိုင်းသတိပေးနေသလို စာနယ်ဇင်းလောကနဲ့ အခြားသော နယ်ပယ်ထဲက မိတ်ဆွတို့လို ထူးခြားပြောက်မြောက်တဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ တောက်ပတဲ့အနာဂတ်တစ်ခု တည်ဆောက်ဖို့အတွက် ရဲရင်မှုများစွာနဲ့ အံ့သြရလောက်အောင် စွမ်းစွမ်းတမံဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်မျိုးတွေကိုလည်း နေ့တိုင်းသတိထား အမှတ်ရနေ မိပါတယ်။ ဒီညဟာဆိုရင်ဖြင့် မြန်မာနိုင်ငံရဲ့လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ မီဒီယာအတွက် မိတ်ဆွေတို့ ဆောင်ရွက်နေကြတဲ့ အလုပ်အပေါ် ကျွန်တော်တို့ရဲ့ များစွာလေးစား အားကျမှုတွေ နဲ့ အခိုင်အမာ ဆက်လက်အားပေး ထောက်ခံသွားမယ့် ကျွန်တော်တို့ရဲ့ ကတိကဝတ်ကို မိတ်ဆွေတို့အတူ မျှဝေခွင့်ရရှိတဲ့ အခွင့်အရေးလေးတစ်ခုဖြစ်ပါတယ်။ ဒီညပွဲလေးကို အခုလိုအချိန်ပေးပြီး ကြွရောက်လာကြတဲ့အတွက် ကျေးဇူးတင်ကြောင်းကိုလည်း ထပ်မံပြောကြားလိုပါတယ်။

ပြီး